# ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၃ ရက်၊ အင်္ဂါနေ့၊ (17-7-2007) (၅၃၈၁)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

## ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၁၆

**ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အနော်ရထာခန်းမဥ္စကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။**

### တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ ပင့်ဖိတ်တော်မူထားသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** *

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

**ယနေ့မိုးလေဝသ**

**၁၇-၇-၂၀၀၇**

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

**မန္တလေး**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

၁၇-၇-၂၀၀၇
(အင်္ဂါနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပို့ကုန်သွင်းကုန် အရည်အသွေးကောင်းမွန်ရေး အလေးထား ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်သည့်လုပ်ရပ်များ ရှောင်ရှား

နိုင်ငံတော်က အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကာလတို(၅)နှစ်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ လယ်ယာ၊ စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍတို့၌ သိသိသာသာ တိုးတက်လာလျက်ရှိသည်။ အထူးသဖြင့် လယ်ယာကဏ္ဍထုတ်လုပ်မှုတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် သား၊ ငါးကဏ္ဍတို့၌ တိုးတက်ထွက်ရှိခဲ့သည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍမြင့်မားစေရန် ပို့ကုန်၊ သွင်းကုန်များကို လိုအပ်ချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား အဘက်ဘက်က အားပေးကူညီလျက်ရှိသည်။ ယခုအခါ နယ်စပ်ဒေသများ၌ နယ်စပ်ကုန်သွယ်ရေးသာမက ပုံမှန်ကုန်သွယ်ရေးကိုပါ တိုးမြှင့်လုပ်ကိုင်နေကြသည်။ ကုန်သွယ်ရေးဇုန်များ၊ ကုန်စည်ဒိုင်များ ဖွင့်လှစ်ခြင်းနှင့်အတူ ပြည်တွင်းဈေးကွက်ရရှိရေး၊ ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရေး ကြိုးပမ်းနေကြပြီဖြစ်သည်။

ကမ္ဘာ့လောင်စာဆီဈေးနှုန်းနှင့် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းတို့သည် ဈေးနှုန်းကြီးမြင့် ပြောင်းလဲမှုများရှိနေသော်လည်း နိုင်ငံတော်က ပြည်တွင်းလိုအပ်ချက်နှင့်အညီ တင်သွင်းပေးလျက်ရှိသည်။ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အခါအခွင့်ရစဉ် ဈေးကစားခြင်းမျိုး မပြုလုပ်ကြဘဲ အများပြည်သူအကျိုးကိုကြည့်၍ ဝိုင်းဝန်းကူညီကြရမည်ဖြစ်သည်။

ထို့အပြင် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များအနေဖြင့်လည်း အရည်အသွေးပြည့်မီသည့် ပို့ကုန်များတင်ပို့ရေး၊ ဆေးဝါး၊ စားသောက်ကုန်၊ လူသုံးအိမ်သုံးပစ္စည်းများ တင်သွင်းရာတွင် အရည်အသွေးမမီသောပစ္စည်းများ၊ အတုအပများ မဖြစ်စေရေး သတိပြုလုပ်ဆောင်သွားကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် ကုန်သည်အသင်းအဖွဲ့များ ဦးဆောင်၍ လက်ကား ကုန်စည်ဒိုင်ကြီးများကို ခေတ်နှင့်အညီ နိုင်ငံတကာအဆင့်အတန်းမီ ထူထောင်လျက် ကုန်သွယ်မှုကဏ္ဍ တိုးတက်စေရေး ကြိုးပမ်းလျက်ရှိရာ လုပ်ငန်းရှင်များ၊ ကုန်သည်များအနေဖြင့် ကိုယ်ကျိုးစီးပွားရှေ့တန်းတင်သည့် လုပ်ရပ်များကိုရှောင်ရှားပြီး တစ်မျိုးသားလုံးအကျိုးစီးပွားအတွက် ပို့ကုန်၊ သွင်းကုန်များ အရည်အသွေးပြည့်မီကောင်းမွန်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်ရေးနှင့် ကုန်ဈေးနှုန်းထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးအရှိန်အဟုန် ပိုမိုတိုးတက် မြင့်မားလာမည်ဖြစ်ပါသည်။ ။



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်ဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာနေ ဦးအောင်ကြည်-ဒေါ်ခင်စန်းမြင့် မိသားစုတို့မှ (ဒေါ်ခင်စန်းမြင့်၏ အသက် ၆၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ်) ကျောင်းအလှူငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင် အထွေထွေအတွင်းရေးမှူး သီရိသုမင်္ဂလာ ဒေါ်မြရှင်ထံသို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# အမျိုးသားညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းပွဲနှင့် ဆေးရုံသန့်ရှင်းရေး ဆောင်ရွက်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

**အမျိုးသားညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ သဃ်္ဃန်းကျွန်းမြို့နယ် ပြည်သူများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ သွေးလှူဒါန်းပွဲနှင့် ဆေးရုံ သန့်ရှင်းရေးဆောင်ရွက်ပွဲကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရားလမ်းရှိ စံပြဆေးရုံကြီး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)များဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါတို့ သွားရောက်ကြည့်ရှုအားပေးကြသည်။**

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် ဦးကျော်စိုး၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး၊တွဲဖက်အတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများသည် စံပြဆေးရုံကြီးဝင်းအတွင်း၌ သဃ်္ဃန်းကျွန်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် ဆေးရုံကြီး သွေးလှူခန်း၌ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၅၀ သွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် သွေးလှူဒါန်းပွဲနှင့် ဆေးရုံသန့်ရှင်းရေး ဆောင်ရွက်ပွဲအခမ်းအနားကို အဆိုပါ ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားသည်။ ယင်းနောက် စံပြဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူက ကျေးဇူးတင်စကား ပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်ဝေက သွေးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ထို့နောက် စံပြဆေးရုံကြီး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသည့် ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ သွေးရည်ကြည်လှည့်စက်ကို ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဦးမောင်မောင်အေး (အလင်္ကာဝတ်ရည်)က ငွေကျပ်ငါးသိန်း၊စက်မှု(၂)ကုန်သည်များအသင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် ၅(က)ရပ်ကွက်ပြည်သူများ၊ ဦးကျော်ဆန်း (ခြသေ့ံပဲခွဲစက်)နှင့် ဦးအောင်မြင့် (PEACE စားသောက်ဆိုင်) တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်များက စုစုပေါင်းငွေကျပ်၁၀သိန်းနှင့်နှစ်သောင်း ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင်များသည် ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြောင်း သိရသည်။ **(၁၉)**

**အမျိုးသားညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အစီအစဉ်ဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ သဃ်္ဃန်းကျွန်းမြို့နယ် စံပြဆေးရုံကြီး၌ သွေးလှူဒါန်းပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သွားရောက်ကြည့်ရှုအားပေးစဉ်။** (၁၉)

# Panasonic Viera မှန်ပြားတီဗွီ အသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

**Panasonicနှင့် Advanced Vision Co.,Ltdတို့ပူးပေါင်းကျင်းပသော "Thinking Big? Think Plasma! Viera Flat Panel TV Product Seminar"ကို ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

မိတ်ဆက်ရှင်းလင်းပွဲတွင် Panasonic (Singapore) မှ Marketing Department Assistant Manager, Ms. Joanne Ng က အဖွင့် အမှာစကားပြောကြားပြီး FPTV Division, Sales & Marketing Manager, Mr. Philip Chua က Panasonic VIERA Plasma TVများအကြောင်းကို ရှင်းလင်းပြောကြားသည်။ (၁၀၃) လက်မရှိ ကမ္ဘာ့အကြီးဆုံး မှန်ပြားတီဗွီကို Panasonic မှ ပထမဆုံး စတင်ထုတ်လုပ်ကြောင်း၊ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၈၀တွင် တစ်ပြိုင်တည်း မိတ်ဆက်ပွဲများ ပြုလုပ်နေကြောင်းနှင့် ယခု မိတ်ဆက်သော VIERA Plasma TV များသည် သဘာဝဝန်းကျင်ကို ထိခိုက်မှု မရှိခြင်း၊ မိသားစု အပေါင်းအသင်းများနှင့် စုဝေးကြည့်ရှုနိုင်အောင် မျက်နှာပြင်ကြီးမားကျယ်ပြန့်ခြင်း၊ ရုပ်ရှင်ကြည့်ရှုခံစားမှုတွင် အကောင်းဆုံးရသပေးစွမ်းနိုင်ကြောင်း သိရှိရသည်။

ထို့နောက် Advanced Vision Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာဦးထွန်းဝေက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

Panasonic Viera Plasma တီဗွီ 42",50"အရွယ်အစားနှင့် Viera LCD တီဗွီ 26",32 "အမျိုးအစားမော်ဒယ်သစ်များကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး အထူးအရောင်းမြှင့်တင်ရေးကာလအဖြစ် ယနေ့မှစ၍ ဩဂုတ်လကုန်အတွင်း ဝယ်ယူသူများအတွက် အထူးအစီအစဉ်အဖြစ် Ocean City Mart Gift Voucher များအား ကျပ်၅၀၀၀၀ မှ၃၀၀၀၀၀ အထိသတ်မှတ်ကြေညာ၍ မေတ္တာလက်ဆောင်အဖြစ် ပေးအပ်သွားမည်ဖြစ်သည်။

Panasonic ရုပ်သံပစ္စည်းများကို တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် Advanced Vision Co., Ltd မှ တာဝန်ယူဖြန့်ဖြူးရောင်းချလျက်ရှိပြီး ဆက်သွယ်ရန်လိပ်စာမှာ အမှတ်(၂၆၃) မဟာဗန္ဓုလလမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ YMCA Building ဗိုလ်ထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း -၂၉၆၅၇၈၊ Email: advision @ mptmail. net.mm နှင့် အမှတ်(၂၂၇) အခန်းအမှတ်၂၀၈-A၊ 78 Shopping Mall ၇၈လမ်းနှင့် ၃၈လမ်းထောင့် မဟာအောင်မြေမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၁၄၇၀ မှ ၇၁၄၇၆ အထိ လိုင်းခွဲ-၁၁၇၊ ဝန်ဆောင်မှုနှင့် ပြင်ဆင်မှုအတွက် Service Center မှာ အမှတ်(၂၆၃)၊ မဟာဗန္ဓုလလမ်းနှင့်သိမ်ဖြူလမ်းထောင့် YMCA Building ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၅၆၅၊ ၂၀၀၅၅၇ Email THSASC@ mptmail.net. mm သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။(သတင်းစဉ်)





**FPTV Division, Sales & Marketing Manager, Mr. Philip Chua က Panasonic Viera Plasma TV များအကြောင်း ရှင်းလင်းပြောကြားစဉ်။**

(သတင်းစဉ်)

➪ ကျောဖုံးမှ

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩသဓာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ တိုင်းမှူးနှင့် ဝန်ကြီးများက ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩသဓာဘိဝံသက အနုမောဒနာတရား မြွက်ကြားတော်မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်တို့က နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။**
(သတင်းစဉ်)

## လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်း

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩသဓာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။**
(သတင်းစဉ်)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။**
(သတင်းစဉ်)



## စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်မည်

**ပျဉ်းမနား ဇူလိုင် ၁၀**

ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် သီရိမင်္ဂလာ ဘုံမြင့် ပရိယတ္တိစာသင်တိုက်ကြီး၏ (၁၉)ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်) ဇူလိုင် ၂၉ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစု ပါဝင်လှူဒါန်းလိုကြသော ရပ်ဝေးရပ်နီးမှ စေတနာရှင်အပေါင်းတို့သည် ဦးစီးပဓာနနာယက ဆရာတော်ထံဖြစ်စေ၊ ဖုန်း- ဝ၆၇-၂၃ဝ၃ဝ တိုက်အုပ်ဆရာတော် ဦးသာသနထံဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် ဇူလိုင် ၁၆**

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)မှ တိပိဋကရေ တိပိဋကကောဝိဒ ရမ္မာဝတီ ဆရာတော် ဘဒ္ဒန္တ ကုလနန္ဒပါလအား အမှူးထား၍ ရန်ကုန်ရောက် ရမ်းဗြဲမြို့နယ် ဇာတိဖွား ကျောင်းထိုင်ဆရာတော်ကြီး ၆၄ပါး၊ သီလရှင်ကြီး သုံးပါးတို့အား စတုတ္ထအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရမ်းဗြဲမြို့နယ်ဇာတိဖွား ကျောင်းထိုင် ဆရာတော်ကြီးများနှင့် သီလရှင်ကြီးများ ကြွရောက်ကြပါရန်နှင့် ရမ်းဗြဲမြို့နယ်သူ၊ မြို့နယ်သားများနှင့် စေတနာရှင်များ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် သင်္ကန်းနှင့် အလှူငွေများကို အသင်းဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း- ၅၁၃၄၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းနိုင် ဖုန်း-ဝ၉၉၉၂၄၃၆၃၊ ဦးဘိုးတင် ဖုန်း- ၂၉ဝ၃၅၅၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး (အောင်သရဖူ) ဖုန်း- ဝ၉၅ဝ၁၄၂၆၄၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းကြည် (ဘုရင့်နောင်) ဖုန်း- ၆၅၂၁၆၇၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း- ၂၅၄၂၁ဝတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

## တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၆**

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အသင်းဓမ္မာရုံ ဗဟိုလမ်း စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူ များသည် ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း-၅၂၆၃၆၄၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် ဖုန်း- ၅၃၅ဝ၂၉၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ငွေ ဖုန်း-၂၂၁၇၄၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မန္တလေးအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၁၆**

မန္တလေးအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ်(၆၂၈/၆၃၂)ပထမထပ်ရှိမန္တလေးအသင်း(ရန်ကုန်) ရတနာပုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ မန္တလေးအသင်းဝင်များ၊ မိတ်သဂ်ဟများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် မန္တလေးအသင်း(ရန်ကုန်) ဖုန်း-၃၈၈၆ဝ၃ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

## တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်) အစည်းအဝေးနှင့် ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၁၆**

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ၂၀၀၇ ခုနှစ် ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသည့် ဆရာတော်ကြီးလေးပါးအား ဂုဏ်ပြုပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို (၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ရက်)၊ ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သဖြင့် အသင်းသူအသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများ၊ စေတနာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားထားသည်။

တောင်ကုတ်မြို့နယ်မှ ရန်ကုန်မြို့၌ ကျောင်းထိုင်သီတင်းသုံးလျက်ရှိသည့် ကျောင်းထိုင်ဆရာတော်အပါး ၅ဝ တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး အသက် (၈ဝ)နှင့်အထက် အသင်းဝင်များနှင့် မိဘများ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ အမည်စာရင်းကို ဦးညီလှိုင် ဖုန်း-ဝ၉၅၁ ၆၃၇ဝ၃၊ ဦးမြင့်အောင် ဖုန်း-၇၂၃၈၄၉၊ ဦးသန်းထွန်း ဖုန်း-၆၆၇၂၈၅ တို့ထံ ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ (က-ပ)



အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် အော်ရိုရာမြို့၌ ကျင်းပသည့် ခေတ်ဟောင်း ကားများ ပြပွဲတွင် ပြသထားသည့် ၁၉၅၀ပြည့်နှစ်ထုတ် ကားများကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဒေသတွင်း ကုန်စည်ပို့ဆောင်မှု တိုးတက်လာစေရေး ဘရူနိုင်းတွင် ကုန်သေတ္တာဆိပ်ကမ်း တည်ဆောက်မည်

**ဘန်ဒါဆရီဘီဂါဝန် ဇူလိုင် ၁၅**

ဘရူနိုင်းနိုင်ငံသည် ဒေသတွင်း ကုန်စည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း တိုးတက်လာစေရန် ရည်ရွယ်လျက် ကုန်သေတ္တာ ဆိပ်ကမ်းတစ်ခုကို တည်ဆောက်တော့မည် ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကုန်သေတ္တာဆိပ်ကမ်းတည်ဆောက်ရေးအတွက် ကုမ္ပဏီအုပ်စုတစ်စုကို ထူထောင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယင်းအုပ်စုတွင် နိုင်ငံတကာ သင်္ဘောလုပ်ငန်း ကုမ္ပဏီများ၊ ဆိပ်ကမ်းလုပ်ငန်း ကုမ္ပဏီများ ပါဝင်မည်ဖြစ်သည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံဖြင့် တည်ဆောက်မည့် ကုန်သေတ္တာဆိပ်ကမ်းမှာ ငါးကီလိုမီတာအရှည်ရှိ ဆိပ်ကမ်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းသစ်ပေါ်ထွက်လာခြင်းဖြင့် အလုပ်အကိုင်နေရာ ၄၀၀၀ ကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ကုန်သေတ္တာဆိပ်ကမ်းတည်ဆောက်မည့်နေရာမှာ ပင်လယ်ရေကြောင်း ကုန်သွယ်ရေလမ်းကြောင်း အနီးတွင် ရှိမည်ဖြစ်ပြီး ရေနက်ဆိပ်ကမ်းအဖြစ်အသုံးပြုနိုင်ကြောင်း၊ အရွယ်အစားကြီးမားသော ကုန်သေတ္တာတင်သင်္ဘောများ ဆိုက်ကပ်ရပ်နားနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

# အီရတ်မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲ လေးဦးသေဆုံး

**မိုဆူးလ်(အီရတ်) ဇူလိုင် ၁၅**

အသေခံဗုံးဖောက်ခွဲသူက အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူလ်းမြို့အနီးမြို့တစ်မြို့တွင် ကြာသပတေးနေ့က မင်္ဂလာဆောင် အခမ်းအနားသို့ တက်ရောက်လာသည့် လူအုပ်အတွင်း ဗုံးဖောက်ခွဲခဲ့သဖြင့် လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးဖောက်ခွဲသူ တစ်ဦးက မိုဆူးလ်မြို့မှ ကီလိုမီတာ ၇၀ အကွာရှိ တယ်လ်အဖာမြို့တွင် မင်္ဂလာဆောင် အခမ်းအနားကျင်းပရာ အိမ်အတွင်း ဝင်ရောက်ကာ ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိ အယ်လ်-ဂျူဘိုရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဘင်္ဂလားဒေ့ရှ်၏အကြီးဆုံး ဖရီးဂိတ်စစ်သင်္ဘော ငါးနှစ်ကြာအသုံးမပြုဘဲ ထားခဲ့ရာမှ ပြန်လည်အသုံးပြု

**ဒါကာ ဇူလိုင် ၁၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံအဝါမီလိဂ်အစိုးရအဖွဲ့လက်ထက်တွင် တောင်ကိုရီးယားဒေဝူးကုမ္ပဏီမှ ဝယ်ယူခဲ့သည့် ဘီအင်အက်စ် ဘန်ဂါဘန်ဒူအမည်ရှိ စစ်သင်္ဘောကိုငါးနှစ်ကြာအသုံးမပြုဘဲထားခဲ့ရာမှ ကြာသပတေးနေ့တွင် ပြန်လည်အသုံးပြုပြီဖြစ်ကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။ ယင်းစစ်သင်္ဘောသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အကြီးဆုံးစစ်သင်္ဘောဖြစ်သည်။ အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ ဖရီးဂိတ်ခေတ်မီစစ်သင်္ဘောကို ၂၀၀၁ ခုနှစ်တွင် ရှိတ်ဟာစီနာ၏ အစိုးရအဖွဲ့က ဝယ်ယူခဲ့သည်။

သို့ရာတွင် အီလမ်ခါလီဒါဇီယာ အစိုးရလက်ထက်တွင် ယင်းစစ်သင်္ဘောကို အသုံးမပြုဘဲ စစ်တကောင်းဆိပ်ကမ်းတွင် ထားရှိခဲ့သည်။

ဖက်ကရူဒင်အာမက် ဦးဆောင်သည့် လက်ရှိ အိမ်စောင့်အစိုးရအဖွဲ့က ယင်းသင်္ဘောကို ပြန်လည်အသုံးပြုရန် စီစဉ်ခဲ့သည်။ ယခုအခါ အီအင်နဲ အက်စ်ခါလစ်ဘင်ဝါလစ်ဟု အမည်ပြောင်းလဲထားသောအဆိုပါစစ်သင်္ဘောကို ဘင်္ဂလားဒေ့ရှ်ရေတပ်၌ အသုံးပြုနိုင်ရန် ပြန်လည်ရေချပွဲပြုလုပ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



တောင်ကိုရီးယားနိုင်ငံ ဘူဆန်ဆိပ်ကမ်း၏ ကုန်တင်ကုန်ချလုပ်ငန်းခွင် တစ်နေရာကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ပါကစ္စတန် ကျောက်မီးသွေးတွင်း နှစ်တွင်း၌ အဆိပ်ဓာတ်ငွေ့သင့်၍ ခုနစ်ဦး သေဆုံး

**အစ္စလမ္မာဘတ် ဇူလိုင် ၁၅**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းဒေသ ဘလူချီစတန်ပြည်နယ်ရှိ ပုဂ္ဂလိကပိုင် ကျောက်မီးသွေးတွင်းနှစ်တွင်းတွင် အဆိပ်ဓာတ်ငွေ့သင့်မှုကြောင့် ကျောက်မီးသွေးတူးဖော်သူ ခုနစ်ဦးသေဆုံးကြောင်း ဂျီအိုရုပ်မြင်သံကြားဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ဘလူချီစတန်ပြည်နယ် ဘိုလန်ခရိုင်မက်မြို့အနီးရှိ ကျောက်မီးသွေးတွင်းနှစ်တွင်းတွင် ကျောက်မီးသွေးတူးဖော်သူများ သေဆုံးခြင်းဖြစ်သည်ဟု စစ်ဆေးရေးမှူး ဖာရုအာမက်အား ကိုးကား၍ ဂျီအိုရုပ်မြင်က ဖော်ပြသည်။

အဆိပ်ဓာတ်ငွေ့ရှူရှိုက်မိသဖြင့် ကျောက်မီးသွေးတွင်း တစ်တွင်းတွင် တူးဖော်သူ သုံးဦး သေဆုံးခဲ့ပြီး အခြားလေးဦးသည် ဘိုလန်ခရိုင်ရှိ ကျောက်မီးသွေးတွင်းတွင် အဆိပ်ဓာတ်ငွေ့သင့်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

ကျောက်မီးသွေးတွင်းများတွင် အဆိပ်ဓာတ်ငွေ့သင့်မှု သတင်းကို ရရှိပြီးနောက် ဒေသဆိုင်ရာ အာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဂျပန်တွင် အင်အားပြင်းထန်သော ငလျင်လှုပ် လေးဦးသေဆုံး၊ ၄၀၀ခန့် ဒဏ်ရာရ

**တိုကျို ဇူလိုင် ၁၆**

ဂျပန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ဇူလိုင် ၁၆ရက်တွင် အင်အားပြင်းထန်သော မြေငလျင်လှုပ်ခဲ့ရာ လေးဦးသေဆုံးပြီး ၄၀၀ခန့် ထိခိုက်ဒဏ်ရာရရှိသည်။ နေအိမ်အချို့ပျက်စီးခဲ့ပြီး နျူကလီးယားဓာတ်အားပေးစက်ရုံ၌လည်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း မီဒီယာများက ဖော်ပြသည်။

အင်အား ၆ ဒသမ ၆ရှိ ငလျင်သည် နံနက် ၁၀နာရီ ၁၃ မိနစ်၌ နီဂါဒါမြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၆၀ခန့်ကို ဗဟိုပြု၍ လှုပ်သွားခဲ့သည်။ မြေမျက်နှာပြင်အောက် ကီလိုမီတာ ၁၀ခန့်၌ လှုပ်သွားကြောင်း ဂျပန်မိုးလေဝသနှင့်ဇလဗေဒဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ရေနံလုပ်ငန်း ပူးတွဲစီမံကိန်း ဗင်နီဇွဲလားနှင့် အီရန် ရင်းနှီးမြှုပ်နှံမည်

**ကာရာကတ်စ် ဇူလိုင် ၁၅**

ဗင်နီဇွဲလားနှင့် အီရန်နိုင်ငံတို့သည် ရေနံလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန်ဒေါ်လာလေးဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဗင်နီဇွဲလားနိုင်ငံရှိ ရေနံလုပ်ကွက် အမှတ် အာယာကူချို-၇ တွင် ဖက်စပ်လုပ်ငန်း လုပ်ကိုင်ရန် မိမိတို့ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဗင်နီဇွဲလားနိုင်ငံပိုင် ရေနံကုမ္ပဏီ ပီဒီဗွီအက်စ်အေက ပြောကြားသည်။ အဆိုပါ ရေနံလုပ်ကွက်သည် စတုရန်း ကီလိုမီတာ ၅၅၀၀၀ ကျယ်ဝန်းပြီး ကြီးမားသော ရေနံသိုက်တည်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ ရေနံလုပ်ငန်းစီမံကိန်းကို နှစ်နှစ်အတွင်း စတင်အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ကြောင်း ဗင်နီဇွဲလား စွမ်းအင်ဝန်ကြီး ရာဖေးရာမီရက်ဇ်က ပြောကြားသည်။

ဗင်နီဇွဲလားနှင့် အီရန်နိုင်ငံတို့သည် မကြာသေးမီ နှစ်များအတွင်း စွမ်းအင်ဆိုင်ရာ သဘောတူညီချက် ၃၃ ခုအထိ လက်မှတ်ရေးထိုးခဲ့ကြသည်။ ***အင်တာနက်။***




# မှောင်ခိုထုတ်မည့်ကလေးများကို တရုတ်ရဲတပ်ဖွဲ့ကယ်တင်

**ဇင်ကျိုး ဇူလိုင် ၁၅**

တရုတ်နိုင်ငံမြောက်ပိုင်း ဟေဘေးပြည်နယ်မှ မွေးကင်းစ ကလေးငါးဦးကို မှောင်ခိုခိုးထုတ်မှုဖြင့် မသင်္ကာသူတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဇူလိုင် ၁၄ ရက်တွင် ပေါ်ထွက်လာသော သတင်းက ဖော်ပြသည်။

ရှန်ဇီပြည်နယ် ဇင်ကျိုးမြို့တွင် ကလေးငယ် ငါးဦးကို ဇူလိုင် ၅ ရက်က လူနှစ်ဦးထံ လက်လွှဲရောင်းချမှုဖြင့် ဇန်ရှောင်လောင်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ဇွန် ၂၉ ရက်ကလည်း တရုတ်ရဲတပ်ဖွဲ့ဝင်များသည် မှောင်ခိုခိုးထုတ်ခံရသူ ကလေးသုံးဦးကို ကယ်တင်ရင်း သံသယရှိသူ လေးဦးကို ဖမ်းဆီးနိုင်ခဲ့သည်။

ဟေဘေးပြည်နယ် နန်ဂေါင်မြို့ကို ဖြတ်သွားသည့် ကွင်ဒေါင်း-ယင်ချန်အဝေးပြေးလမ်းမဂိတ်ကြေးကောက်သည့် စခန်းတွင် ၁၀ ရက်သားအရွယ် ယောကျာ်းလေး သုံးဦးနှင့် မိန်းကလေးနှစ်ဦးကို ဇွန် ၁၀ ရက်က ရဲတပ်ဖွဲ့က ဆလွန်းကားတစ်စီးပေါ်မှ ကယ်တင်ခဲ့ရသည်။ ဂိတ်ကြေးပေးဆောင်သည့်စခန်း၌ ကားရပ်ထားစဉ် ရဲတပ်ဖွဲ့ဝင်များက မသင်္ကာသဖြင့် စစ်ဆေးရာ ယာဉ်မောင်းနှင့်အခြားတစ်ဦးတို့ ထွက်ပြေးသွားကြသည်။ ***အင်တာနက်။***

ဂျာမနီနိုင်ငံ တိရစ္ဆာန်ဥယျာဉ်ရှိ ဆင်ပေါက်ကလေးတစ်ကောင်ကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဝိုင်းမော်မြို့နယ် မိုးစပါးထွန်ယက်စိုက်ပျိုးပွဲနှင့် မြစ်ကြီးနားမြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲများသို့ တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁၆

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ဇူလိုင် ၁၃ ရက်တွင် လေကြောင်းခရီးဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ရောက်ရှိရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တပ်မတော်အရာရှိများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မြစ်ကြီးနားလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာ၌ကျင်းပသည့် မိုးစပါးထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အဆိုပါ မိုးစပါးထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြစ်ကြီးနားခရိုင်နှင့် ဝိုင်းမော်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတိုင်းရင်းသားတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းက ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဝိုင်းမော်မြို့နယ်၏ မိုးစပါးစိုက်ပျိုးမှုနှင့် ထွက်ရှိမှုအခြေအနေများ၊ လာမည့်စိုက်ပျိုးရာသီတွင် ယခင်နှစ်ကထက် ဧက၃၇၀၀ ပိုမိုတိုးချဲ့စိုက်ပျိုးနေမှုနှင့် မြေပြုပြင်မှု ၆၃ ဒသမ ၄၈ ရာခိုင်နှုန်း ပြီးစီးနေမှု အခြေအနေနှင့် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကချင်ပြည်နယ်၌ ၂၀၀၆-၂၀၀၇ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါး ၅၀၉၂၇၄ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်း၆၆ ဒသမ ၈၈တင်းနှုန်းဖြင့် စုစုပေါင်း ၃၄၀၅၈၄၁၃တင်း ထွက်ရှိခဲ့ကြောင်းနှင့် ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် ကချင်ပြည်နယ်တစ်ခုလုံး၌ မိုးစပါးဧကခြောက်သိန်း ပြည့်မီရန် ပြည်နယ်အတွင်းရှိ မြို့နယ်တစ်မြို့နယ်ချင်းစီက မြေဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ကချင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုက်ပျိုးရေရရှိစေရန် ဆည်တမံကြီးများ၊ မြစ်ရေတင်စီမံကိန်းများကို ငွေကြေးအမြောက်အမြား ကျခံသုံးစွဲကာ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားတောင်သူများအပိုင်းကလည်း စိုက်ပျိုးမြေ တိုးချဲ့ဖော်ထုတ်ခြင်း၊ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးခြင်း၊ သဘာဝနှင့်ဓာတ်မြေသြဇာများရောစပ်အသုံးပြုရေး၊ စိုက်ပျိုးရေးနည်းပညာများကို သင်ကြားပေး၍ အထွက်နှုန်းတိုးတက်ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆန်ဖူလုံမှုနှင့် ကျေနပ်မနေဘဲ တစ်နှစ်ထက်တစ်နှစ် ပိုလျှံအောင် စိုက်ရေး၊ မြို့ရွာတိုင်း၊ ကျေးရွာတိုင်းမိမိဒေသအလိုက် ဆန်ဖူလုံအောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း။

ယခု မိုးစပါးထွန်ယက်စိုက်ပျိုးပွဲတွင်လည်း ဒေသခံတိုင်းရင်းသားတောင်သူများအနေဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမြန်ပြီးအောင်စိုက်ပျိုးနေခြင်းမဟုတ်ဘဲ အထွက်ကောင်း စပါးမျိုးများကို ကောက်ကွက်ပြည့်မီအောင် စနစ်ကျနစွာစိုက်ပျိုးတတ်စေရန် ယှဉ်ပြိုင်ပေးခြင်းဖြစ်ပြီး စိုက်ပျိုးနည်းစနစ်များကို စံနမူနာယူ၍ မိမိတို့၏ လယ်မြေများကို အထွက်နှုန်းတိုးတက်မြင့်မားလာစေရန် ကြိုးပမ်းလုပ်ကိုင်သွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကောက်စိုက်လုံမေများ၏ ယှဉ်ပြိုင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကောက်စိုက်ပြိုင်ပွဲဝင်ကြသည့် ကောက်စိုက်လုံမေများအား အဝတ်အထည် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မိုးစပါးထွန်ယက်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံ တိုင်းရင်းသားတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် မိုးစပါးစိုက်ကွက်များအတွင်း မြေသြဇာများကြဲပက်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးကြသည်။



ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်၌ ၂၀၀၆-၂၀၀၇ မိုးစပါးရာသီတွင် မိုးစပါး၄၉၂၂၅ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ၂၀၀၇-၂၀၀၈ မိုးစပါးရာသီတွင်၅၂၉၅၅ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခုအခါ မြေပြုပြင်မှု၃၉ ၃၇၇ဧက၊ စိုက်ပျိုးပြီးစီးမှု ၃၃၆၇၈ဧကရှိပြီး မိုးစပါးစိုက်ပျိုးရေးရာသီကုန်တွင် ၅၀၃၄၇ ဧက စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် ဇီးလွန်ပျိုးဥယျာဉ်တွင် မြစ်ကြီးနားမြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးတို့က မြစ်ကြီးနားမြို့နယ် လူမှုရေးအသင်းအဖွဲ့ဝင်များအား ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများ၊ မျိုးစေ့ထုပ်များနှင့်ပျိုးပင်များကို တစ်ဦးချင်းပေးအပ်ကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်ဝန်ကြီးတို့က ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ပေါ်မှ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ခြံစည်းရိုးကြက်ဆူပင်များ ပေါင်းသင်နေမှု၊ စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

## ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာ မိုးစပါး ထွန်ယက်စိုက်ပျိုးပွဲတွင် ကောက်စိုက်လုံမေများ၏ ယှဉ်ပြိုင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

# ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ အောင်မြင်စွာကျင်းပပြီးစီး ပြည်တွင်း ပြည်ပရတနာကုန်သည် ၄၀၉၃ဦး တက်ရောက်ဝယ်ယူ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အတွဲပေါင်း ၄၆၆၅တွဲ ရောင်းချခဲ့ရ

ရန်ကုန် ဇူလိုင် ၁၆

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲတွင် ကျောက်စိမ်းအတွဲများကို တန်ဖိုးအများဆုံးပေးဝယ်သူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Fook. Tai.Jade& Jewellery Coမှ Mr. Ngan Shi Kiအားဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုပစ္စည်းများကို ယနေ့ညနေပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ပေးအပ်ချီးမြှင့်သည်။**

၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၈ နာရီမှ ညနေ ၅နာရီ ၄၅မိနစ်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဗဟိုကော်မတီဝင်များ တက်ရောက်၍ ကြည့်ရှုအားပေးကြသည်။

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ အစီအစဉ်အရ ယနေ့နံနက် ၈ နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ညနေ ၅နာရီ ၄၅မိနစ်တွင် ကျောက်စိမ်းအတွဲပေါင်း ၆၇တွဲကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူသွားကြသည်။

### ဈေးပြိုင်စနစ်

အဆိုပါကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို ဇူလိုင် ၄ရက်မှ ဇူလိုင် ၁၆ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ ယနေ့ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

### ရောင်းချ

ကျောက်မျက်ရတနာပြပွဲအစီအစဉ်အရ ဇူလိုင် ၅ရက်မှ ဇူလိုင် ၆ရက်အထိ ပုလဲအတွဲပေါင်း ၂၆၃တွဲကို လည်းကောင်း၊ ဇူလိုင်၈ရက်တွင်ကျောက်မျက်အတွဲပေါင်း ၂၇ တွဲကိုလည်းကောင်း၊ ဇူလိုင် ၆ ရက်မှ ဇူလိုင် ၁၆ ရက်အထိ ကျောက်စိမ်းအတွဲ ပေါင်း ၄၃၇၅တွဲကို လည်းကောင်း၊ပြည်တွင်း ပြည်ပရတနာကုန်သည်များအား တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ ရတနာကုန်သည်များက တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်ဝယ်ယူကြသည့်အတွက် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲ စုစုပေါင်း ၄၆၆၅ တွဲ ရောင်းချခဲ့ရသည်။

၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ ပြည်ပနိုင်ငံ ၁၄နိုင်ငံ၊ ကုမ္ပဏီ ၂၃၁၂ခုမှ ပြည်ပရတနာကုန်သည် ၂၄၃၇ဦးနှင့် ပြည်တွင်းနိုင်ငံသားပိုင်ကုမ္ပဏီ ၅၂၇ခုမှ နိုင်ငံသားရတနာကုန်သည် ၁၆၅၆ဦး စုစုပေါင်း ရတနာကုန်သည် ၄၀၉၃ဦး တက်ရောက်၍ ဝယ်ယူခဲ့ကြသည်။

### ပိုမိုရောင်းချရ

ယနေ့ကျင်းပပြီးစီးသွားသည့် ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို အရေအတွက် ပိုမိုများပြားစွာတင်ပြ ရောင်းချနိုင်ခဲ့သည့်အပြင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များကလည်း ခန့်မှန်းထားသည်ထက် ပိုမို တက်ရောက် ဝယ်ယူခဲ့ကြသည့်အတွက် ယခင်က ကျင်းပပြီးစီးခဲ့သော မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲများထက် ပိုမိုရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊ သတ္တုတွင်း ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူး ရောင်းချပွဲတွင် ကျောက် စိမ်း အ တွဲများကို တန်ဖိုးအများဆုံးပေးဝယ်သူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ Mr. Ngan Shi Ki အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)





**ကြည့်ရှုအားပေး**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရေတာရှည်မြို့နယ်၌ ကျင်းပသော မိုးရာသီ ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ၏ ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်၏ စီးပွားရေးအခြေခံဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အဓိကထားဆောင်ရွက် ယခုနှစ်မှစ၍ နိုင်ငံအတွင်း စားသုံးဆီဖူလုံပိုလျှံရေး ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဆောင်ရွက်နေ ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်သည့် ခြစ်စည်းရိုးကြက်ဆူကိုလည်း သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၁၆

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။**

တွေ့ဆုံပွဲတွင် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းဆွေက ခရိုင်၏အုပ်ချုပ်ရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တင်ပြချက်များအရ တောင်ငူခရိုင်မှာ တိုးတက်မှုရှိနေသည်ကို သိရှိရကြောင်း၊ နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသ၊ မြို့ပြနှင့် ကျေးလက်၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကို ချမှတ်အကောင်အထည် ဖော်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဖွံ့ဖြိုးရေးအတွက် စီမံချက်များလည်း ချမှတ်လျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးအခြေခံဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အဓိကထား ဆောင်ရွက်ကြရန်လိုကြောင်း၊ အထူးသဖြင့် မိုးစပါး၊ နွေစပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုး၊ ဒေသနှင့်ကိုက်ညီသည့် အမယ်သစ် သီးနှံများနှင့် နှစ်ရှည်ပင်များကို အလေးထား စိုက်ပျိုးဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယခုနှစ်မှစ၍ မိမိတို့နိုင်ငံအတွင်း စားသုံးဆီ ဖူလုံပိုလျှံရေး အတွက် ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ဆီထွက်သီးနှံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးရန် စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တောင်ငူခရိုင် အပါအဝင် ပဲခူးတိုင်းအတွင်း စားသုံးဆီဖူလုံစေရန် ဆီထွက်သီးနှံ စိုက်ဧက လေးသိန်း စိုက်ပျိုးရာမှ ယခုနှစ်တွင် ဧကတစ်သိန်းခွဲတိုး၍ ဧကငါးသိန်းခွဲ စိုက်ပျိုးရန် လျာထားကြောင်း၊ ထို့ကြောင့် တောင်ငူခရိုင်အနေဖြင့် သတ်မှတ်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ စက်သုံးဆီအစားထိုး ဘိုင်အိုဒီဇယ်ထုတ်လုပ်နိုင်သည့် ခြစ်စည်းရိုးကြက်ဆူပင်များကိုလည်း သတ်မှတ်ပေးထားချက်နှင့်အညီ စိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ စားသုံးဆီနှင့် စက်သုံးဆီ ဖူလုံမှုရှိပါက နိုင်ငံခြားငွေ ကုန်ကျမှုသက်သာပြီး နိုင်ငံတော်အတွက် စက်ရုံအလုပ်ရုံ၊ လမ်း၊ တံတားနှင့် ဆည်ကြီးများ တည်ဆောက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ ငါးမွေးကန်များ တိုးချဲ့၍လည်းကောင်း၊ ဒေသကြက်ကို သတ်မှတ်သည့်အတိုင်း အိမ်တိုင်း မွေးမြူကြလျှင်လည်းကောင်း၊ ကြီးမားသည့်ပမာဏရရှိပြီး သားငါးပေါ်များကာ စီးပွားရေးလည်း တိုးတက်နိုင်မည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများသည် မိမိတို့၏ ပင်မလုပ်ငန်းတာဝန်များအပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကိုပါ ဒေသခံပြည်သူများနှင့်အတူ တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ တောင်ငူတပ်နယ်အတွင်းရှိ အရာရှိ၊စစ်သည် မိသားစုများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တပ်မတော်သား မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကို တာဝန်ရှိသူ အဆင့်ဆင့်က ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး မှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေတာရှည်မြို့နယ် သာဂရမြို့ ကွင်းအမှတ်(၇၂၀)၌ ကျင်းပသော မိုးရာသီ ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်းမှ ပဲခူးတိုင်း တာဝန်ခံ ဦးဘန်ရှိန်က ခြစ်စည်းရိုးကြက်ဆူ စံပြကျေးရွာအဖြစ် သတ်မှတ်ဆောင်ရွက်ပြီး ခြစ်စည်းရိုးကြက်ဆူပင်များကို နှစ်အလိုက် စိုက်ပျိုးမှုအခြေအနေ၊ ၂၀၀၆ ခုနှစ်တွင် ဧက ၁၀၀ နှင့် ၂၀၀၇ခုနှစ်တွင် ဧက ၁၀၀ စိုက်ပျိုးပြီးစီးနိုင်မှုနှင့် ၂၀၀၈ ခုနှစ်တွင် ဧက ၁၀၀ ထပ်မံတိုးချဲ့စိုက်ပျိုးရန် စီစဉ်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က ဖြည့်စွက်တင်ပြသည်။

**မြေလွတ်ရှိသမျှ တိုးတက်စိုက်ပျိုး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ခြစ်စည်းရိုးကြက်ဆူပင်များကို မြို့နယ်သတ်မှတ်လျာထားချက် ပြည့်မီအောင် စိုက်ပျိုးရေးနှင့် မြေလွတ်ရှိသမျှ တိုးတက်စိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ခြစ်စည်းရိုးကြက်ဆူပျိုးပင်များ၊ မျိုးစေ့များနှင့် ပျိုးကိုင်းများကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ခြစ်စည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာများ၌ အမှတ်တရ စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ၏ ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

**စီစဉ်ဆောင်ရွက်**

အဆိုပါ စိုက်ပျိုးသည့် ကွင်းအမှတ်(၇၂၀)၌ ခြစ်စည်းရိုးကြက်ဆူပင် ဧက ၂၀၀ကို ယခင်က စိုက်ပျိုးထားရှိခဲ့ပြီး ယခုစိုက်ပျိုးပွဲတွင် ဧက ၁၀၀ ထပ်မံစိုက်ပျိုးကြကြောင်းနှင့် ရေတာရှည်မြို့နယ် တစ်ခုလုံး၌ ၂၀၀၆ ခုနှစ်တွင် လျာထားချက်ဧက ၆၅၀၀ ကို အပြည့်အဝ စိုက်ပျိုးအကောင်အထည်ဖော်နိုင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် စိုက်ပျိုးရန်ဧက ၁၈၀၀၀ လျာထားသည့်အနက် ဧက ၄၀၀၀ စိုက်ပျိုးထားပြီး စုစုပေါင်းဧက ၁၀၅၀၀ စိုက်ပျိုးပြီးစီးနေကာ ယခုရာသီကုန်တွင် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် သာဂရမြို့မှ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

## ၂၀၀၇ ခုနှစ် နေပြည်တော် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စုပေါင်းစိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂၀၀၇ ခုနှစ် နေပြည်တော် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ဝန်ကြီးရုံးဝန်းကျင်ရှိ လျှိုပိတ်ဆည်တစ်ဝိုက် သတ်မှတ်စိုက်ကွက်များ၌ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ ဦးဆောင်၍ ဝန်ထမ်းအင်အား ၃၂၅ ဦးတို့ဖြင့် အုန်း၊ ကျွန်း၊ ပိတောက်၊ တမာ၊ ကုက္ကို၊ သရက်၊ သီဟိုဠ် စုစုပေါင်းအပင် ၁၀၀၀ တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နေပြည်တော်ဝန်ကြီးရုံးပတ်ဝန်းကျင်၌ ရတနာတန်းဝင်၊ နှစ်ရှည်သီးနှံ၊ အရိပ်ရပင်နှင့် အလှပန်းပင်များ အပါအဝင် အပင်ပေါင်း ၃၆၀၀၀ ကျော် စိုက်ပျိုးထားရှိပြီးကြောင်း သိရှိရသည်။ (သတင်းစဉ်)

**စုပေါင်းစိုက်ပျိုး**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၂၀၀၇ ခုနှစ် နေပြည်တော် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် ဝန်ထမ်းများ သစ်ပင်စုပေါင်းစိုက်ပျိုးကြစဉ်။**

(သတင်းစဉ်)



# ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သထုံမြို့နယ် ခြံစည်းရိုးကြက်ဆူစိုက်ခင်းပေါင်းရှင်းပြုစုမှု ကြည့်ရှုအားပေး
# ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများအတွင်း ခြံငယ်စိုက်လိုသူများအား အကျိုးတူပူးပေါင်းလုပ်ကိုင်ခွင့်ချထားပေးရေး မှာကြား

နေပြည်တော် ဇူလိုင် ၁၆

**မွန်ပြည်နယ် သထုံမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၃ရက် နံနက်ပိုင်းတွင် သထုံခရိုင်နှင့် သထုံမြို့နယ် ခြံစည်းရိုး ကြက်ဆူပင်ပျိုးခင်း ၁၀၀၀၀၀ အနီးရှိ သထုံမြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်း၌ ဌာနဆိုင်ရာများ စုပေါင်းပေါင်းရှင်းပြုစုနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ကရင်ပြည်နယ်၏ ပညာရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို အမျိုးသားညီလာခံသို့ တက်ရောက်ကြမည့် ကရင်ပြည်နယ်မှ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ဖဒိုအောင်ဆန်း၊ ဦးစောသမူဟဲနှင့် ဦးသာထူးကျော်တို့အား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက်ဈနာရီတွင် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာရှိ သထုံခရိုင် သထုံမြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးပင် ၁၀၀၀၀၀ ပျိုးခြံအနီးကွင်းအမှတ် ၅၁၁၃၌ သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ၄၂ခုတို့၏ ၂၇ဒသမ ၅၅ ဧကရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင်များကို ပေါင်းရှင်းပြုစုနေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဌာနဆိုင်ရာများ၏ ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်းများအတွင်း၌ ပုဂ္ဂလိကခြံငယ်စိုက်ပျိုးလိုသူများအား ရာသီသီးနှံများကို အကျိုးတူပူးပေါင်းစိုက်ပျိုးလုပ်ကိုင်ခွင့် ချထားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များကို အချိန်ပြည့် ကြည့်ရှုစောင့်ရှောက်နိုင်ရန် စီမံသွားရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခြံစည်းရိုးကြက်ဆူပျိုးပင် ၁၀၀၀၀၀ပျိုးခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

သထုံခရိုင်၌ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင်ဧက ၂၀၀၀၀ စိုက်ပျိုးရန် လျာထားပြီး ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးထားပြီး ဖြစ်ရာ ကျန်ရှိသော ဧက ၉၀၀၀ ကျော်ကို ဆက်လက်စိုက်ပျိုးရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သထုံ-မြိုင်ကလေး-ဘားအံ ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြကာ လမ်းဘေးဝဲ/ယာရှိ ရော်ဘာခြံများနှင့် မိုးစပါးစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးမှုအခြေအနေနှင့် လမ်းတစ်လျှောက်ရှိ လမ်း/တံတားများအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဘားအံမြို့ရှိ နယ်မြေခံတပ်မဌာနချုပ်ဧည့်ရိပ်သာ၌ အမျိုးသားညီလာခံသို့ တက်ရောက်ကြမည့် ကရင်ပြည်နယ်မှ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ဖဒိုအောင်ဆန်း၊ ဦးစောသမူဟဲနှင့် ဦးသာထူးကျော်တို့အား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဘားအံမြို့ ဖွဲ့ကပင်တောင်ခြေ ဒုံရင်းကျေးရွာနှင့် ရဲသာကျေးရွာအနီးရှိ နည်းပညာတက္ကသိုလ်(ဘားအံ)သို့ရောက်ရှိပြီး နည်းပညာတက္ကသိုလ်(ဘားအံ) အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံရာ ကျောင်းအုပ်ကြီး ဒေါက်တာ ထွန်းကျော်မြင့်က နည်းပညာတက္ကသိုလ်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက နိုင်ငံတော်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရန် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်း အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးမှုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကိုချမှတ်၍ နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုအခါ နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်လာပြီး ဘားအံဒေသတွင်လည်း နည်းပညာတက္ကသိုလ်ကြီး ပေါ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက ဆရာ ဆရာမများ အနေဖြင့် သင်ကြားသည့် ဘာသာရပ်ဆိုင်ရာတွင် ကျွမ်းကျင်မှုရှိရန်၊ သင်ကြားပေးသည့် သင်ရိုးညွှန်းတမ်းများသည် နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ ဖြစ်စေရန်၊ သင်ထောက်ကူပစ္စည်းများကို အကျိုးရှိရှိ အသုံးချနိုင်အောင်စီစဉ်ရေး၊ ကျောင်းသားကျောင်းသူများအား နိုင်ငံတော်က ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို လိုက်နာကျင့်သုံးတတ်အောင် လေ့ကျင့်ပျိုးထောင်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးနှင့် ပြည်ထောင်စု စိတ်ဓာတ်အလေးထားခံယူလိုက်နာ ကျင့်သုံးရေးတို့ကို လမ်းညွှန်ထားပြီးဖြစ်ရာ အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့အတူ ကျောင်းသား၊ ကျောင်းသူများ၏ ငြိမ်းချမ်းစွာပညာသင်ကြားမှုကို နည်းအမျိုးမျိုးဖြင့် ထိပါးစေသော အဖျက်လုပ်ရပ် မှန်သမျှကိုလည်း ဒေသခံမိဘပြည်သူများနှင့် လက်တွဲ၍ တားဆီးကာကွယ် နှိမ်နင်းသွားကြရန် လိုအပ်ကြောင်းဖြင့်မှာကြားပြီး ဆရာ ဆရာမများအား သစ်သီးခြင်း လက်ဆောင်ကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဘားအံမြို့နယ် နောင်လုံအရှေ့စံပြကျေးရွာ၌ ကျင်းပသော ဆင်းသွယ်လတ် အထွက်ကောင်းမျိုးစံပြစိုက်ခင်း စုပေါင်းမြေဩဇာ ကြဲပက်ပွဲ အခမ်းအနားသို့ ရောက်ရှိသည်။

အဆိုပါ မြေဩဇာကြဲပက်ပွဲ အခမ်းအနားသို့ ဒေသခံ တိုင်းရင်းသား တောင်သူလယ်သမားများ တက်ရောက်ကြပြီး ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကရင်ပြည်နယ် မန်နေဂျာ ဦးအေးသိန်းက ကရင်ပြည်နယ်၏ မိုးစပါး၊ နွေစပါး စိုက်ပျိုးထုတ်လုပ်မှု၊ စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရန် စပါးမျိုးသန့် အထူးဇုန်များ သတ်မှတ်စိုက်ပျိုးနေမှု၊ တောင်သူများအား အသိပညာပေးသင်တန်းများ ပို့ချပေးမှု၊ ဆင်းသွယ်လတ် အထွက်ကောင်းမျိုးပြောင်းလဲစိုက်ပျိုးနေမှုနှင့် တောင်သူများအား ကိုယ့်အားကိုယ်ကိုး ကိုယ့်မျိုးကိုယ်ထုတ် အသိပညာပေး ကူညီပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကရင်ပြည်နယ် နောင်လုံဒေသသည် အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရသဖြင့် အထူးဝမ်းမြောက်ပါကြောင်း၊ ယခင်အခါက နယ်မြေဒေသသည် တရားဥပဒေ စိုးမိုးမှုအားနည်းပြီး လမ်းပန်းဆက်သွယ်မှု ခက်ခဲမှုတို့ကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုအခါ တရားဥပဒေစိုးမိုး၍ အေးချမ်းသာယာလာပြီဖြစ်သဖြင့် ဒေသဖွံ့ဖြိုးအောင် နိုင်ငံတော်အစိုးရနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ လက်တွဲ၍ ဆောင်ရွက်ခဲ့ကြရာ ဒေသဖွံ့ဖြိုးလာပြီ ဖြစ်ကြောင်း၊ ဆက်လက်၍ ပြည်နယ်ဒေသ ဝမ်းစာဖူလုံသည်ထက် ပိုမိုဖူလုံပြည့်စုံအောင် မိုးစပါးဧက ငါးသိန်းခွဲ စိုက်ပျိုးနိုင်အောင် ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့အပြင် ဆီဖူလုံရေးအတွက် စပါးမစိုက်နိုင်သောမြေများ၊ လက်ရှိပဲနှင့် နှမ်းစိုက်နေသော မြေများတွင် ဆီထွက်နေကြာကို စိုက်ပျိုးသွားကြလျှင် ဆီဖူလုံမှုကို များစွာအထောက်အကူပြုလာနိုင်မည် ဖြစ်သဖြင့် ဆက်လက် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ခင်းကျင်းပြသထားသော စိုက်ပျိုးရေး ပညာပေးပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ကရင်ပြည်နယ်၏ စပါးစိုက်ပျိုးမှု အခြေအနေမှာ ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါး ၅၁၆၄၇၆ ဧက၊ နွေစပါး ၁၁၆၄၅၈ ဧကစိုက်ပျိုးခဲ့ပြီး ၂၀၀၇-၂၀၀၈ခုနှစ်တွင် မိုးစပါးဧက ၅၁၆၅၀၀၊ နွေစပါးဧက ၁၂၉၀၀၀ စိုက်ပျိုးသွားမည်ဖြစ်သည်။ ဒေသဆန်ဖူလုံမှုအခြေအနေမှာ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၁၃၇ ဒသမ ၅၁ ရာခိုင်နှုန်းရှိပြီး ၂၀၀၇-၂၀၀၈ခုနှစ်တွင် ၁၃၉ ဒသမ ၅၉ ရာခိုင်နှုန်း ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့၌ ညအိပ်နားကြသည်။(သတင်းစဉ်)



# အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဆက်လက်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၁၆**

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့်လည်းကောင်း၊ ရန်ကုန်ဘူတာကြီးသို့ မြန်မာ့မီးရထားဖြင့်လည်းကောင်း ရန်ကုန်မြို့သို့ဆက်လက်ရောက်ရှိလာကြသည်။

အဆိုပါ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်ဘူတာကြီးတို့တွင် ကြိုဆိုကြပြီး အမျိုးသားညီလာခံ ကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

အလားတူ ပဲခူး(အရှေ့)၊ ပဲခူး(အနောက်)၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြရာ အမျိုးသား ညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။ (သတင်းစဉ်)

**အမျိုးသားညီလာခံသို့တက်ရောက်ရန် ကယားပြည်နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

# အာဆီယံ အင်ဂျင်နီယာညီလာခံ တက်ရောက်ရန်လျှောက်ထားနိုင်

**ရန်ကုန် ဇူလိုင် ၁၆**

ဖိလစ်ပိုင်နိုင်ငံ Cebuမြို့၌ နိုဝင်ဘာ ၂၇ရက်မှ ၂၉ရက်အထိကျင်းပမည့် (၂၅) ကြိမ်မြောက် အာဆီယံ အင်ဂျင်နီယာ အသင်းများအဖွဲ့ချုပ် ညီလာခံ 25th Conference of ASEAN Federation of Engineering Organizations (CAFEO-25)သို့ တက်ရောက်လိုသော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ အသင်းဝင်များသည် လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃မှ ၅၁၉၆၇၆ အထိသို့ ဇူလိုင် ၂၅ရက်နောက်ဆုံးထား၍ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်ကလေးဆေးရုံကြီးတိုးချဲ့ဆောင် ပန္နက်တင်မင်္ဂလာသို့ တက်ရောက်ချီးမြှင့်ပြီး မင်္ဂလာပန္နက်တင်ပေး

ရန်ကုန် ဇူလိုင် ၁၆

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်ကလေးဆေးရုံကြီးဝင်းအတွင်း၌ ကျင်းပသည့် ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး မင်္ဂလာပန္နက်တင်ပေးသည်။**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ဧည့်သည်တော်များ၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် မင်္ဂလာစည်တော်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ရန်ကုန်ကလေးဆေးရုံကြီး ဝင်းအတွင်းရှိ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင် ဆောက်လုပ်မည့် နေရာ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက တိုးချဲ့ဆောင် ဆောက်လုပ်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက မင်္ဂလာအချိန်တွင် မင်းတိုင်နေရာတွင် မင်္ဂလာပန္နက်တော် တင်ပေးပြီး မင်္ဂလာပန္နက်တိုင်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းသည် ဥရုတိုင်နေရာတွင် မင်္ဂလာပန္နက်တော် တင်ပေးပြီး မင်္ဂလာ ပန္နက်တိုင်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်သည် ရွှေတိုင်နေရာတွင် မင်္ဂလာပန္နက်တော် တင်ပေးပြီး မင်္ဂလာပန္နက်တိုင်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ငွေတိုင်နေရာတွင် လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ရတနာတိုင်နေရာတွင်လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် သီရိတိုင်နေရာတွင်လည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးသည် အကျိုးဆောင်တိုင် နေရာတွင် လည်းကောင်း၊ မတည်အလှူရှင် ဦးကျင်ဝမ် – ဒေါ်လှသိန်း (ဂျိုးသိန်းဆေးပေါ့လိပ်၊ ပဲခူးမြို့)သည် ဒါယကာတိုင်နေရာတွင်လည်းကောင်း၊ ရန်ကုန်ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းသည် ဥပါသကာတိုင်နေရာတွင် လည်းကောင်း အသီးသီး မင်္ဂလာပန္နက်တော် တင်ပေးကြပြီး မင်္ဂလာပန္နက်တိုင်များကို နံ့သာရည်ဖြင့် ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်ကိုအလျားပေ ၂၀၀၊ အနံ ပေ ၄၀၊ လေးထပ်အဆောက်အအုံအဖြစ် ဆောက်လုပ်သွားမည်ဖြစ်ပြီး တိုးချဲ့ဆောင်ပြီးစီးပါက တစ်ထပ်လျှင်ခုတင် ၅၀၊လေးထပ်တွင် စုစုပေါင်းခုတင် ၂၀၀ တိုးချဲ့၍ ကလေးလူနာများအား လက်ခံကုသသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အခမ်းအနားအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်ကလေးဆေးရုံကြီး သွေးလူဘဏ်၌ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးဦးဆောင်မှုဖြင့် လမ်းမတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များက သွေးလှူဒါန်းနေသည်များကို ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးဦးဆောင်မှုဖြင့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ဇူလိုင် ၉ရက်မှ ၃၁ရက်အထိ ရန်ကုန်ကလေးဆေးရုံကြီးတွင် နေ့စဉ်သွေးများ လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)



**သွေးလှူဒါန်းမှု ကြည့်ရှုအားပေး**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ ရန်ကုန်ကလေးဆေးရုံကြီး သွေးလှူဘဏ်၌ လမ်းမတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

## ရန်ကုန်တိုင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ကုသရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ကုသရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၉ရက်တွင် ရန်ကုန်မြို့ အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ အစည်းအဝေးသို့ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ညွှန့်စိန်နှင့် ညွှန်ကြားရေးမှူးများ၊ စီမံချက်မှ တာဝန်ရှိသူများ၊ ကလေးဆေးရုံကြီးမှ တာဝန်ရှိသူများ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့် တိုင်းအဆင့် တာဝန်ရှိသူ များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်က အမှာစကားပြောကြားပြီး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အခြေအနေများနှင့်ဆောင်ရွက်နေသော ရောဂါကာကွယ်နှိမ်နင်းရေးနည်းဗျူဟာများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကလေးဆေးရုံကြီးမှ တွဲဖက်ပါမောက္ခ ဒေါက်တာခင်သန်းဝင်းက ကုသရေးလုပ်ငန်းတွင် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းဝင်းတို့က သွေးလွန်တုပ်ကွေးရောဂါ နှိမ်နင်းရေးတွင် အားဖြည့်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အထွေထွေဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်းအတွင်း ၂၀၀၇ခုနှစ် ဇန်နဝါရီမှစ၍ ရောဂါကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိခဲ့ရာ ယခုနှစ် မေလမှစ၍ မိုးရွာသွန်းမှု များသောကြောင့် သွေးလွန်တုပ်ကွေးရောဂါ ပိုမို ဖြစ်ပွားနိုင်သည့်အတွက် ရောဂါကာကွယ်ရေး နှိမ်နင်းရေးလုပ်ငန်းများကို စနစ်တကျ နည်းဗျူဟာများ ချမှတ်ပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး လူမှုရေး အသင်းအဖွဲ့နှင့် လက်တွဲကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တိုင်း သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ရန်ကုန်တစ်တိုင်းလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၇-၇-၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| **၇:၀၀** | ၁။ မြဝတီအဖွင့် |
| **၇:၀၅** | ၂။ အဖွင့်သီချင်း |
| **၇:၁၀** | ၃။ မျိုးချစ်တပ်မတော် |
| **၇:၂၀** | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၃၀** | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| **၇:၄၅** | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| **၇:၅၀** | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၇:၅၅** | ၈။ အမျိုးသားရေးတေးကဗျာ |
| **၈:၀၀** | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၁၀။ အမျိုးသားရေးတေးကဗျာ |
| **၈:၁၅** | ၁၁။ အပိုတ်နှုတ်ဆက်စကား |
| **၈:၁၆** | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| **၄:၀၀** | ၁။ မြဝတီအဖွင့် |
| **၄:၀၅** | ၂။ အဖွင့်သီချင်း |
| **၄:၁၀** | ၃။ လက်စွမ်းပြဟန်ဂီတသံ |
| **၄:၁၅** | ၄။ အလွမ်းတေးပန်းချီချစ်သူဆီ |
| **၄:၃၅** | ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ် |
| **၄:၅၅** | ၆။ မျိုးချစ်တပ်မတော် |
| **၅:၀၀** | ၇။ ပညာခေတ် |
| **၅:၄၀** | ၈။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၆:၀၀** | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၁၀။ နိုင်ငံတကာသတင်း |
| **၆:၂၀** | ၁၁။ အမျိုးသားရေးတေးကဗျာ |
| **၆:၃၅** | ၁၂။ လျှပ်တစ်ပြက်ရိုက်ချက် |
| **၇:၀၀** | ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပုံရိပ်ပမာ" (အပိုင်း-၁)** |
| **၈:၀၀** | ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ မိုးလေဝသသတင်း |
| | ၁၆။ အမျိုးသားရေးတေးကဗျာ |
| | ၁၇။ မွေးမြူသုတ |
| | ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာကြီးမား(သား)ပေါင်ချိန်" (အပိုင်း-၈)** |
| | ၂၀။ သင့်အတွက်မနက်ဖြန် |
| | ၂၁။ အပိုတ်နှုတ်ဆက်စကား |
| | ၂၂။ ပြီးပါပြီ။ |

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်(၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားလျှင် ရင်သွေးငယ်များ အသက်ဆုံးပါးသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန်၊ မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်–

**လိုက်နာရမည့်အချက်များ**

**(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။**
**(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။**
**(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့်ခပ်ထုတ်ပစ်ပါ။**
**(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။**
**(င) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှရေမြောင်းများအား ရေစီးရေလာကောင်းအောင်ရှင်းလင်းပါ။ လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။**
**(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကိုဖို့ပါ။**
**(ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။**
**(ဇ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းအောင်ထားပါ။**
**(ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။ (အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ထားပေးပါ။)**

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

**အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် တွဲဖက်အတွင်းရေးမှူးများ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။**

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက သဘာပတိအဖြစ် ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဆောင်ရွက်ခဲ့သော လုပ်ငန်းအရပ်ရပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က အမျိုးသားညီလာခံနှင့် စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းဆိုင်ရာကိစ္စများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



**ဇူလိုင် ၁၆ရက်က ဘရူနိုင်း ဒါရူဆလမ်နိုင်ငံဘုရင်၏ (၆၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး** H.E Pehin Dato Mohamad Yusof Abu Bakar **နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)





# ကျန်းမာရေးအသိပညာပေးဆွေးနွေး ကွင်းဆင်းရောဂါရှာဖွေစစ်ဆေးပေး

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦး ဦးဆောင်၍ အသင်းပိုင် ရောဂါရှာဖွေရေးဆေးခန်းမှ တာဝန်ခံဆရာဝန် ဒေါက်တာ ဒေါ်ခင်သန်းနွယ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာ ခင်သက်မြိုင်နှင့် အတူ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်အရေးအသင်းခွဲသို့ ဇူလိုင် ၁၄ရက်တွင် ရောက်ရှိပြီး အသိပညာပေးရခြင်း အကြောင်းရင်း၊ လုံခြုံစိတ်ချမိခင်ဘဝနှင့် အမျိုးသမီးများ မျိုးပွားအင်္ဂါ ကင်ဆာအကြောင်းတို့ကို အသိပညာပေး ဆွေးနွေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်က ငွေကျပ် တစ်ဆယ့်ငါးသိန်းတန်ဖိုးရှိ သားဖွားခန်းသုံးဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များမှ အမျိုးသမီး အမျိုးသားစုစုပေါင်း ၂၅၀တို့ တက်ရောက်ကြသည်။

ထို့နောက် အသင်းခွဲကို အခြေပြု၍ အဖွဲ့ငယ်များခွဲကာ ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၁၂ဦးတို့အား ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ ဆီးစစ်ပေးခြင်း၊ အထွေထွေသွေးစစ်ပေးခြင်း၊ PMCT စီမံချက်အရ မိခင်မှ သန္ဓေသားသို့ HIV ရောဂါပိုး ကူးစက်မှု တားဆီးကာကွယ်ပေးရေးအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် ကိုယ်ဝန်ဆောင် ၅၆ဦးတို့အား သွေးဖောက်စစ်ဆေးပေးခြင်း၊ အိမ်ထောင်သည် အမျိုးသမီး ၅၆ဦးတို့အား သားအိမ်ခေါင်းကင်ဆာကြိုတင်သိရှိကာကွယ် ကုသနိုင်ရေးအတွက် Pap Smear စမ်းသပ်ပေးခြင်း၊ အမျိုးသမီးအားလုံးအား ရင်သားစမ်းသပ်ပေးခြင်း၊ လိုအပ်သူများအား သက်ဆိုင်ရာ ဆေးရုံများသို့ ညွှန်းပို့ပေးခြင်းနှင့် အမျိုးသား ၈၅ဦးတို့အား ကွန်ဒုံးအသုံးပြုမှု လက်တွေ့ရှင်းပြခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ပြုလုပ်ပြီး ကွန်ဒုံး ၇၂၀ကို ပေးဝေခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ သန်းဦး သားဖွားခန်းသုံးဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။** (မိခင်/ကလေး)



# သာမဏေကျော်စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၆

ပဲခူးမြို့ ဥသျှောင်မြို့သစ် သာမဏေကျော် ပရိယတ္တိစာသင်တိုက်နှင့် သာမဏေကျော် စာသင်တိုက်ခွဲများ၏ ဦးစီးနာယက ပဓာနဆရာတော် ဘဒ္ဒန္တ ဝိစက္ခဏာဘိဝံသ [သ-စ-သ-အ ဓမ္မာစရိယ၊ B.A Myanmar (Q)] မထေရ်မြတ်ကို အမှူးထား၍ သံဃာတော်အရှင်မြတ် အပါး ၁၆၀တို့အား (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ပညာချွန်ဆုပေးပွဲကို (၁၃၆၉ခုနှစ်၊ဒုတိယဝါဆိုလပြည့်)ဇူလိုင် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါစာသင်တိုက် စွန်ညီနောင် စွန်မင်း ဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ကြောင်းသိရှိရသည်။ (က-ပ)

# ပျဉ်းမနားမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၆

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)က ပျဉ်းမနားဆရာတော်ကြီးနှင့် ဆရာတော် သံဃာတော်များအား (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ ကြွရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအေးလွင် ဖုန်း-၅၄၉၆၉၁၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်ဖံ ဖုန်း-၆၅၁၁၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးစောထွန်းခိုင် ဖုန်း-၅၃၅၁၉၃၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်နွယ်အေး ဖုန်း-၅၂၇၄၄၀၊ အတွင်းရေးမှူး ပျဉ်းမနားမြင့်လှိုင် ဖုန်း-၅၅၂၀၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# NLD ပါတီ၏ လုပ်ရပ်များကြောင့် စိတ်ကုန်ခန်းလာ ပါတီဝင်များအား ပြည်သူလူထုက လူပိုများအဖြစ်အထင်အမြင်သေးလျက်ရှိ လက်ရှိ နိုင်ငံတော်အစိုးရ၏ ဖော်ဆောင်နေမှုများကို ကျေနပ်လက်ခံပြီး ပူးပေါင်းပါဝင်လို မြောင်မြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် အိမ်မဲမြို့နယ်တို့မှ ပါတီဝင် ၄၀ နုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကြည်စိုး၊ ဦးကြည်ဝင်း၊ ဦးမောင်ခိုင်တို့အပါအဝင် ပါတီဝင် ၁၇ ဦး၊ စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ရွာထောင်ရပ်ကွက်နေ ဦးကံညွန့်၊ ဦးထွန်းရွှေ၊ ဦးထွန်းငွေတို့အပါအဝင် ပါတီဝင် ရှစ်ဦး၊ မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးစိုးလှ၊ ဦးအုန်းမင်း၊ ဦးလှတင်တို့အပါအဝင် ပါတီဝင် ၁၄ ဦးတို့သည် ဇူလိုင် ၆ ရက်တွင်လည်းကောင်း၊ ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးခင်လှိုင်သည် ဇူလိုင် ၄ ရက်တွင်လည်းကောင်း ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မြောင်မြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ဖြင့် နိုင်ငံနှင့်ပြည်သူတို့၏အကျိုးကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟူသည့် ယုံကြည်မျှော်လင့်ချက်ဖြင့် ပါတီဝင်များအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သော်လည်း NLD ပါတီ၏ လုပ်ရပ်များကြောင့် စိတ်ကုန်ခန်းလာကြောင်း၊ မိမိတို့ပါတီဝင်များအား ရပ်ရွာဒေသမှ ပြည်သူလူထုက လူပိုများအဖြစ် အထင်အမြင်သေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ ယနေ့ဖော်ဆောင်ပေးနေသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ကျေနပ်လက်ခံပြီး ပူးပေါင်းပါဝင်လိုသောကြောင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

# ကျေးရွာချင်းဆက် ကတ္တရာလမ်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၆

အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဇရစ်ကျေးရွာနှင့်မန်ကျည်းခောက် ကျေးရွာချင်းဆက်လမ်း တစ်မိုင်၊ လေးဖာလုံအား အလှူရှင် ဦးတင်ဆန်းမိသားစုက ကတ္တရာလမ်း မျက်နှာပြင်ခင်းရန်အတွက် လိုအပ်သောပစ္စည်းများ ထောက်ပံ့မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ယာဉ်/စက်များနှင့်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသိန်းမင်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ အဆိုပါ လမ်းကိုဦးတင်ဆန်းမိသားစုကပင် ၁၉၉၃ခုနှစ်က ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လာခဲ့ပြီး ယခုအခါ မျက်နှာပြင်ညှိခြင်းအတွက် ထပ်မံလှူဒါန်းခြင်းဖြစ်သည်။ (မြို့နယ်စည်ပင်)

# အင်အားပြင်း လျှပ်တစ်ခုလျှပ်ရှား

နေပြည်တော် ဇူလိုင် ၁၆

ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီ ၅၄ မိနစ် ၃၇ စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၂၇၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

# မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်းမြေငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၁၆

ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ ၂၄စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၂၉၀၀ ခန့်အကွာ (မြန်မာနိုင်ငံပြင်ပ)၌ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။





ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ILBCတို့ ပူးပေါင်းဖွင့်လှစ်သော ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်း အမှတ်စဉ် (၃/၂၀၀၇) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်းဖွင့်ပွဲ ကျင်းပ တိုင်းမှူးဗိုလ်ချုပ်လှဌွေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၆

**ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ILBCတို့ ပူးပေါင်းဖွင့်လှစ်သော ကွန်ပျူတာနှင့်အင်္ဂလိပ်စာသင်တန်းအမှတ်စဉ်(၃/၂၀၀၇)ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ ILBCသင်တန်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းက ပံ့ပိုးကူညီပေးသော ILBC မှ တာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ILBC ကို ထောက်ပံ့ငွေကျပ်ငါးသိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ILBC မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းအား ပေးအပ်ချီးမြှင့်သည်။**

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဝင်းမြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေး၊ လိှုင်းသစ်မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် စန်းပွင့်မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၏ အလှူငွေကျပ်ငါးသိန်းစီကို လက်ခံသည်။

ဆက်လက်၍ ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းနှင့် စပ်လျဉ်း၍ ILBC မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းက ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ ဇနီး ဒေါ်မာမာဝေနှင့် အဖွဲ့သည် ILBC၏ (သိပ္ပံနှင့်သုတေသနဌာန) Science and Research Departmentက တီထွင်ထားသော EV-9 နှစ်ယောက်စီး Electric Battery Car နှင့် PRO Plus ဂေါက်ကွင်းသုံး လျှပ်စစ်ကားများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ EV-9နှစ်ယောက်စီး Electric Battery Carသည် တစ်နာရီလျှင် ကီလိုမီတာ၇၀ မောင်းနှင်နိုင်ပြီး (100 Amp) ဘက်ထရီခြောက်လုံးဖြည့် တစ်ကြိမ်လျှင် ကီလိုမီတာ ၄၀ မောင်းနှင်နိုင်၍ ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၂၀၀ ခန့်ရှိ၍ PRO Plus ဂေါက်ကွင်းသုံး လျှပ်စစ်ကားမှာ တစ်နာရီလျှင် ၂၅ ကီလိုမီတာမောင်းနှင်နိုင်ပြီး နေရောင်ခြည်စွမ်းအင်သုံး Solar Systemဖြင့် အသုံးပြုနိုင်၍ ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၇၀ ခန့်ရှိကာ အဆိုပါကားများ၏ ကိုယ်ထည်များမှာ ဖိုင်ဘာကိုယ်ထည်များဖြင့် တပ်ဆင်အသုံးပြုထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




# တိုက်ကွမ်ဒိုခါးစည်း ဒန်အဆင့်နှင့်ဒိုင်သင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ခါးစည်းဒန်အဆင့်အောင်လက်မှတ်နှင့် ဒိုင်လူကြီးသင်တန်းဆင်း အောင်လက်မှတ်ချီးမြှင့်ပွဲကို ယမန်နေ့ညနေ ၄နာရီက ရန်ကုန်မြို့ ယုဇနဟိုတယ်၌ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌွေးမြင့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဒိုင်လူကြီးသင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌွေးမြင့်က အပြည်ပြည်ဆိုင်ရာ ခါးစည်းဒန်အဆင့် အောင်လက်မှတ်များကိုလည်းကောင်း**(အပေါ်ပုံ)** ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ (ကြေးမုံ)

**စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာမှ (၉၃)ကြိမ်မြောက် သွေးလှူရှင် လူမှုထူးချွန် (ပထမဆင့်) သိမ်ကျောင်းတိုက် ပဓာနနာယက ရွှေထီးဆောင်းဆရာတော် အရှင်အာရိန္ဒာလင်္ကာရ ဦးဆောင်သော ထီးဆောင်းကျေးရွာ စေတနာသွေးလှူရှင်အသင်းမှ သွေးလှူရှင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် သွေးလှူရှင်များ သိမ်ကျောင်းတိုက် အမှတ်(၂) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌(၅၈)ကြိမ်မြောက် အဖြစ် စုပေါင်းသွေးလှူဒါန်းကြစဉ်။** (သတင်းစဉ်)

## ချမ်းမြေ့မြိုင်ရိပ်သာကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

**ရန်ကုန် ဇူလိုင် ၁၆**

မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်စံပြကျေးရွာ ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတွင် ဒသမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက်၊ ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါရိပ်သာကျောင်း၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ချမ်းမြေ့မြိုင်ဝေယျာဝစ္စအဖွဲ့ ဖုန်း-၀၉၈၀ ၂၃၅၀၇၊ ၆၃၈၃၅၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရှောင်လေဝေးဝေး
မူးယစ်ဆေး



## ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၆**

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ၌ ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်းလှူဒါန်းပူဇော်ပွဲကို ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## တိပိဋကဓရ ဆရာတော်၏ စာကြည့်တိုက် ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ၁၆/၂ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၏ပဓာနနာယက ဆရာတော်အရှင်သုန္ဒရ (တိပိဋကဓရ၊ တိပိဋကကောဝိဒ) ဦးဆောင်၍ ကျပ်သိန်း၂၀ကျော်အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့သော ပညာအလင်းပြစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၁၂ရက် နံနက် ၉နာရီက မကွေးတိုင်း မြိုင်မြို့နယ် ကျောက်တိုင်ရွာ၌ကျင်းပရာ ဆရာတော်အရှင်သုန္ဒရ၊ မြိုင်မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍဝံသနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ (က-ပ)



# မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ သွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

**စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာမှ (၉၃)ကြိမ်မြောက်သွေးလှူရှင် လူမှုထူးချွန် (ပထမဆင့်) သိမ်ကျောင်းတိုက် ပဓာနနာယက ရွှေထီးဆောင်း ဆရာတော် အရှင်အာရိန္ဒာလင်္ကာရ ဦးဆောင်သော ထီးဆောင်းကျေးရွာ စေတနာသွေးလှူရှင်အသင်းမှ သွေးလှူရှင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် သွေးလှူရှင်၃၀၅ဦးတို့သည် ဇူလိုင် ၁၄ ရက်တွင် သိမ်ကျောင်းတိုက် အမှတ်(၂) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ (၅၈)ကြိမ်မြောက်အဖြစ် စုပေါင်း၍ သွေးလှူဒါန်းကြသည်။**

အဆိုပါ သွေးလှူဒါန်းရာသို့ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း ဦးဆောင်၍ အမျိုးသားသွေးလှူဘဏ်တာဝန်ခံရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာခင်ထွေးလှိုင်နှင့် သူနာပြုများ၊ဝန်ထမ်းများ၊စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးစိုးနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဇော်ဝင်းအောင်နှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာအုပ်စုစည်းရုံးရေးမှူး ဦးလွင်နှင့် အသင်းဝင်များက လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြသည်။

ယင်းနောက် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များသည် ရွှေထီးဆောင်းသွေးလှူရှင် ဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ ဆရာတော်ထံမှ အနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရွှေထီးဆောင်းဆရာတော်က ဓမ္မစကြာအခါတော်နေ့ကို ဦးခိုက်လျက်(၅၈)ကြိမ်မြောက်စုပေါင်းလှူဒါန်းသည့် သွေးလှူရှင်၃၀၅ဦးတို့၏ သွေးခံအိတ်များကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာမောင်ဝင်းနှင့်သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီးဒေါက်တာခင်စိန်ဝင်းတို့က လက်ခံ၍ဆရာတော်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာကို ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အထက(၆)ဗိုလ်တထောင် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၆**

ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အခမ်းအနားကို ဇူလိုင်၁၅ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာဝင်းမင်းလတ်ကအမှာစကားပြောကြားပြီး **(ဝဲပုံ)** အပင်များစိုက်ပျိုးရန်အတွက် သက်ဆိုင်ရာအတန်းအလိုက်မှ ဆရာ ဆရာမများဦးဆောင်၍ ကျောင်းသူ၊ ကျောင်းသားများက စိုက်ပျိုးကြသည်။ (သတင်းစဉ်)

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း

*** ရွှေဖုံးမှ**

ရွှေဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

**ကိုးပါးသီလခံယူ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ⇨**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၆-၇-၂၀၀၇)

| | |
|---|---|
| နေပြည်တော် | ၀ ဒသမ ၃၉ လက်မ |
| သံတွဲ | ၅ ဒသမ ၉၁ လက်မ |
| ကျောက်ဖြူ | ၃ ဒသမ ၈၂ လက်မ |
| အမ်း | ၃ ဒသမ ၇၇ လက်မ |
| မောင်တော | ၂ ဒသမ ၇၅ လက်မ |
| ပဲခူး | ၂ ဒသမ ၅၂ လက်မ |

ကြေးမုံ The Mirror

**ဆောင်းပါး အညွှန်း**

"ယခုအခါ အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပပြီးစီးပေတော့မည်။ အခြေခံဥပဒေသစ်ကြီးလည်း မကြာမီ ပေါ်ထွန်းလာတော့မည်။ အခြေခံဥပဒေဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို အများသူငါ သိရှိနေကြပြီးဖြစ်ပေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် ရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့၊ တစ်ပါတီ၏ အရေး မဟုတ်ပေ။ ပြည်သူတစ်ရပ်လုံး၏အရေး ဖြစ်ပေသည်။ အဘယ်ကြောင့်ဟူမူ လွတ်လပ်သော မြန်မာနိုင်ငံတွင် အချုပ်အခြာအာဏာကို တိုင်းရင်းသားစုံ မြန်မာပြည်သူ ပြည်သားများကသာ ပိုင်ဆိုင်သောကြောင့် ဖြစ်သည်။"

တက္ကသိုလ်မြတ်သူ၏ **"အမျိုးသားညီလာခံကိုယ်စားလှယ်များ အောင်ပန်းဆွတ်ခူးကြမည့် ညောင်နှစ်ပင်စခန်း"**

(ဆောင်းပါး) စာမျက်နှာ-၈၊၉